# လေ့လာသင့်သော လူတစ်ယောက်

**(စိတ်ကူးစံထဲက အကောင်းဆုံးနဲ့ အပြည့်စုံဆုံးဆိုတာတွေနဲ့ နီးသထက်နီးလာစေရမယ် ဆိုသူ" ပီတာဒရပ်ကာ " (Peter Drucker) ရဲ့ အောက်ဖော်ပြပါ ကိုယ်တိုင်ရေး ဒေတာဖိုင်ကို Knowledge Share လုပ်တဲ့အနေနဲ့ ပေးပို့အပ်ပါသည်။ ဘာသာပြန်ဆိုသူမှာ ကျော်ဝင်း ဖြစ်ပါသည်။)**

---

ဆရာမောင်စူးစမ်း၊ ဆရာကိုတာတို့ရဲ့ ကျေးဇူးကြောင့် " ပီတာဒရပ်ကာ" (Peter Drucker) ဆိုတဲ့ အမည်ဟာ၊ စာဖတ်ပရိတ်သတ်နဲ့ အကျွမ်းတဝင် ဖြစ်နေလောက်ပါပြီ။

'ဒရပ်ကာ' ဆိုတဲ့ လူက လူစုံ၊ သူမလုပ်ဘူးတဲ့ အလုပ်ဆိုတာ ရှားမှ ရှား။ ဝါဝွမ်းကုမ္ပဏီတစ်ခုရဲ့ အလုပ်သင်၊ အယ်ဒီတာ၊ စာရေးဆရာ၊ (ဝတ္ထုနှစ်ပုဒ်နှင့် ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတစ်ပုဒ် ရေးဖူးတယ်။) ကျမ်းပြုပုဂ္ဂိုလ်၊ ပါမောက္ခ ...။ သူလေ့လာဖူးတဲ့ ဘာသာရပ်တွေဆိုတာကလည်း စုံမှစုံ။ ဂီတ၊ လိုင်းစုံ၊ အလုပ်စုံ ချိတ်ထားပေမယ့် ဟိုစပ်စပ် ဒီစပ်စပ် ယောင်ခြောက်ဆယ်တော့ မဟုတ်ပြန်ဘူး။ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်သူလို့ အမည်ခံ ထိုက်တယ်။ အထူးသဖြင့် စီမံခန့်ခွဲပညာနဲ့ ပတ်သက်ရင် ကနေ့ခေတ်ရဲ့ ဂု½ကြီးတစ်ပါးလို့တောင် ပြောကြပါတယ်။

သူ့စာတွေကတစ်ဆင့် သိရသလောက်ဆိုရင် သူဟာ ဘာသာရပ် တစ်ခုကို အနည်းဆုံး သုံးနှစ်လောက် အချိန်ယူ လေ့လာပါသတဲ့။ အထိုက်အသင့် အားရလောက်မှ နောက်ဘာသာတစ်ခုကို ဆက်လက်လေ့လာတယ်လို့ ဆိုပါတယ်။ သူ့အမြင်အရ၊ ဘာသာရပ်တစ်ခုနဲ့ တစ်ခုကြား ဆက်စပ်မှုကို ဆုပ်ကိုင်နိုင်မှ တကယ့်ပညာအစစ်လို့ ခံယူသူဖြစ်တယ်။ သူ့အယူအဆတွေကို အပြည့်အဝ လက်ခံနိုင်တယ်၊ လက်မခံနိုင်ဘူးပဲထား ...။ ဒီလိုလူမျိုးရဲ့ အကြောင်းကို သိသင့်တယ်လို့ ယူဆပါတယ်။

'ဒရပ်ကာ' က သူရဲ့ ငယ်ဘဝအတွေ့အကြုံတွေကို သူ့ရဲ့ စာတစ်ပုဒ် (Reinventing the individual) မှာ ပြန်သုံးသပ်ထားတာ တွေ့ရှိရတယ်။ 'ဒရပ်ကာ'ဟာ ဘာကြောင့် 'ဒရပ်ကာ'ဖြစ်လာရသလဲဆိုတာရဲ့ အဖြေကို အဲဒီစာမှာ တွေ့နိုင်မယ်လို့ထင်ပါတယ်။ ကျွန်တော်တို့ မြန်မာလူငယ်တွေ စဉ်းစားစရာတိုးဖို့ တစ်ဆင့်ဖောက်သည်ချလိုက်ရပါကြောင်း။

## လောကထဲသို့

ကျွန်တော် အထက်တန်းအောင်တော့ (သူတို့အထက်တန်းက (၁၂)တန်းထိ ရှိပါတယ်။)ဆယ်ရှစ်နှစ်တောင် မပြည့်တတ်သေးပါဘူး။ ကျွန်တော့်မိခင်နိုင်ငံက ဩစတြီးယားပါ။ ဇာတိက 'ဗီယင်နာ'။ ဇာတိမြေကို ကျောခိုင်းပြီး ဂျာမနီနိုင်ငံ 'ဟန်းဘတ်' မြို့ကို ကျွန်တော်ထွက်လာခဲ့တယ်။အဲဒီက ဝါဂွမ်းတွေ နိုင်ငံခြားပို့တဲ့ ကုမ္ပဏီတစ်ခုမှာ အလုပ်သင်အနေနဲ့ ဝင်လုပ်ပါတယ်။အဖေကတော့ တယ်မကြိုက်ချင်ဘူး။ကျွန်တော်တို့အမျိုးက အစိုးရဝန်ထမ်းပဲ အစဉ်အဆက်လုပ်ခဲ့ကြတာကိုး။

မိဘဘိုးဘွားလက်ထက်ကတည်းက ပါမောက္ခတို့၊ရှေ့နေတို့၊ ဆရာတို့ပဲလုပ်ခဲ့ကြတာ။ဒီတော့ ကျွန်တော်ကိုလည်း အဖေက တက္ကသိုလ် ပဲဆက်တက်စေချင်တာပေါ့။ခက်တာက ကျွန်တော်ကိုယ်တိုင်က ကျောင်းသား မလုပ်ချင်တော့တာ။ ငြီးငွေ့လှပြီ... ။အလုပ်ပဲ လုပ်ချင်တယ်။ဒါပေမယ့်ကျွန်တော် ဟန်းဘတ်တက္ကသိုလ်၊ ဥပဒေ'rဟာဌာနမှာ စာရင်းသွင်းလိုက်ပါတယ်။တလေးတနက် ရည်ရွယ်ချက်ရယ်လို့တော့ ဘာမှ မရှိပါဘူး။အဖေကျေနပ်ရုံသက်သက်ပါ။

ကြာတော့ ကြာခဲ့ပြီပေါ့လေ။ အချိန်က (၁၉၂၇)ခုနှစ်ပါ။ အဲဒီခေတ်၊အဲဒီအမြင်နဲ့တော့ဖြင့်ဘာမှ အံ့ဩစရာ မရှိပါဘူး။ တုန်းကပညာရေးစနစ်ဟာ အတော်သက်သောင့်သက်သာ ရှိတာကလား။ ခင်ဗျားမှာသာ အထက်တန်းအောင် လက်မှတ်ရှိရင် တက္ကသိုလ်ကို တိုးဝင်လို့ ရတယ်။တက္ကသိုလ် ဘွဲ့ရဖို့ဆိုတာလည်း တယ်အားထုတ်မနေရပါဘူး။ကျောင်းလခ မှန်မှန်သွင်း၊ လေးနှစ်ပြည့်ရင် စာမေးပွဲခန်းထဲ ဝင်ထိုင်၊ဒါဆိုရင် ခင်ဗျားတက္ကသိုလ်ဘွဲ့ရ ဖြစ်သွားပြီ။

## ကုမ္ပဏီအလုပ်သင်

အလုပ်သင်တစ်ယောက်ရဲ့ အလုပ်ဟာ တယ်ပျင်းစရာကောင်းတာပဲ။ဘာပညာမှလည်း ဟုတ်ဟုတ်ငြားငြားမရပါဘူး။ မနက်ခုနစ်နာရီခွဲမှာ အလုပ်ဆင်းမယ်။ ညနေလေးနာရီထိုးရင် အိမ်ပြန်မယ်။အဲ စနေဆိုရင်တော့ဆယ့်နှစ်နာရီဆိုရင် အလုပ်ပြီးပြီ။ ဒီတော့ ကျွန်တော်မှာ အချိန်တွေပိုနေ တော့တာပေါ့။ စနေ၊တနင်္ဂနွေတွေမှာဆိုရင် ကျွန်တော့် မိတ်ဆွေနှစ်ယောက်နဲ့ အပြင်ထွက်လေ့ ရှိတယ်။ နှစ်ယောက်စလုံးက ဩစတြီးယားကပါ။ သူတို့လည်း ကျွန်တော်လို အလုပ်သင်တွေပဲ။ ကုမ္ပဏီချင်းတော့ မတူဘူးပေါ့လေ။ များသောအားဖြင့်တော့ ဟန်းဘတ်မြို့ အပြင်ဘက်ထွက်ပြီး သိပ်လှတဲ့ ကျေးလက်ဒေသတွေ လျှောက်လည်ကြတာပါပဲ။ ညရောက်ရင် သူငယ်ဟိုတယ်မှာ အချိန်ဖြုန်းကြတယ်။ ဒီဟိုတယ်က ကျောင်းသားဆိုရင် အခမဲ့တည်းခိုခွင့်ရတယ်လေ။ တနလ်ာနေ့ကနေ သောကြာနေ့အထိ တစ်ပါတ်မှာ ငါးရက်ရဲ့ညနေခင်းတိုင်းမှာတော့ ကျွန်တော်ဇကေစာရိကျင့်တယ်။ ကျွန်တော် ခိုအောင်းနေကျ ဂူကတော့ ‘ဟန်းဘတ်’ရဲ့ မြို့မစာကြည့်တိုက်ပါ။ ဒီစာကြည့်တိုက်က ကျွန်တော့်ရုံးခန်းနဲ့ တစ်အိမ်ကျော် လောက်ပဲကွာတာ။ တက္ကသိုလ်ကျောင်းသားဆိုရင် စာအုပ်ဘယ်နှစ်အုပ်ပဲ ငှားငှား၊ အားတက်သရော ငှားပေးတယ်။ ဆယ့်ငါးလလုံးလုံး၊ကျွန်တော်တော့ ဂျာမန်ရော၊ အင်္ဂလိပ်ရော၊ ပြင်သစ်ရော၊ စာတွေကို ဝါးစားသလို ဖတ်ပစ်လိုက်တယ်။

## ပထမအတွေ့အကြုံ

ပြီးတော့ ပြောရဦးမယ်။ တစ်ပါတ်မှာ တစ်ကြိမ်တော့ အော်ပရာကြည့်တယ်။‘ဟန်းဘတ်’ ဇာတ်ရုံကြီးဟာ ကမ္ဘာမှာ အကြီးအကျယ်အခမ်းအနားဆုံးတစ်ခုပါ။ ခုခေတ်အတိုင်းပါပဲ။ ခက်တာက ကျွန်တော်ဆိုတဲ့ကောင်ဟာ အမြဲဘိုင်ကျနေတဲ့ကောင်။ အလုပ်သင်ဆိုတာ လခမှ မရဘဲ။ဒါပေမယ့်တော်ပါသေးတယ်။ တက္ကသိုလ်ကျောင်းသားဆိုတော့ အော်ပရာအလကားကြည့်ခွင့်ရတယ်လေ။ အဲ... အော်ပရာမစခင်၊တစ်နာရီလောက်တော့ ကြိုသွားဖို့ လိုမယ်။ ပြည်ဖုံးကားကြီး မဖွင့်မီ ဆယ်မိနစ်လောက်ဆိုရင် ကျွန်တော်တို့ ဇာတ်ရုံထဲဝင်လို့ ရပြီ။မရောင်းရတဲ့ခုံတွေမှာ၊တက္ကသိုလ်ကျောင်းသားကြီးတွေ စတယ်နဲ့ ကြည့်လို့ရတယ်။ တစ်ပြားမှ ပေးစရာမလိုဘူး။

အဲသလိုနဲ့ တစ်ညနေမှာ ကျွန်တော် ‘ဂေါ့စပီဗားဒစ်’ရဲ့ အော်ပရာတစ်ပုဒ်ကို ကြည့်ခွင့်ရလိုက်ပါတယ်။**‘ဗားဒစ်’** ဆိုတာ (၁၉)ရာစုက ပေါ်ထွက်ခဲ့တာ။အခုဟာက သူရဲ့နောက်ဆုံးလက်ရာပေါ့။အော်ပရာနာမည်က (Falstaff) တဲ့။ **ဗားဒစ်**ရဲ့ အကျော်ကြားဆုံး အော်ပရာပါ။လွန်ခဲ့တဲ့ (၆၅) နှစ်ကတော့ ဒီအော်ပရာကို သိပ်မကခဲ့ကြဘူးတဲ့။ အဆိုတော်တွေရော၊ သရုပ်ဆောင်တွေပါ သိပ်ခက်တယ်လို့ ထင်ခဲ့ကြတာတဲ့။ကျွန်တော်တော့ အော်ပရာထဲမှာ မြောသွားတော့တယ်။ ကျွန်တော်ငယ်ငယ်က ဂီတကို စနစ်တကျ လေ့လာခွင့် ရခဲ့ဖူးတယ်။ ကျွန်တော်တို့ ‘ဗီယင်နာ’က ဂီတမြို့တော် မဟုတ်လား။ ကျွန်တော်အော်ပရာတွေ အများကြီး ကြည့်ခဲ့ဖူးပါတယ်။ဒါပေမယ့် ခုလိုအော်ပရာမျိုးတော့ တစ်ခါမှ မတွေ့ဖူးဘူး။ဂီတနဲ့ကြည်မွေ့ခဲ့ရတဲ့ အဲဒီညနေလေးကို ကျွန်တော် ဘယ်တော့မှ မေ့နိုင်မယ် မဟုတ်တော့ဘူး ထင်ပါရဲ့။

## ကောင်းသတင်းကောင်းအောင်

အော်ပရာဟာ ဇာတ်ရုံထဲမှာ ပြီးသွားပေမယ့် ကျွန်တော်အတွေးထဲမှာတော့ ဆက်ကနေတော့တယ်။ “ဒီလောက်မြူးကြွတဲ့၊ ဒီလောက်ဘဝတဏှာ ပြည့်လျှမ်းနေတဲ့၊ မယုံကြည်နိုင်လောက်အောင် ခွန်အားရှိလှတဲ့၊ ဒီအော်ပရာကို ရေးဖွဲ့ခဲ့သူဟာ အသက်ရှစ်ဆယ် အဖိုးကြီးပါလား”ဒါကို တွေးလိုက်မိတော့ ကျွန်တော်မှာ အံ့ဩလို့ကို မဆုံးတော့ဘူး။ အဲဒီတုန်းက ကျွန်တော်အသက်က ဆယ်ရှစ်နှစ်။အသက်ရှစ်ဆယ်ဆိုတာ ကျွန်တော်အတွက်တော့ ဘယ်လိုမှ မမှန်းဆတတ်တဲ့အရွယ်ပါ။ ဒီလောက်အသက်ကြီးတဲ့ လူမျိုးကို ကျွန်တော်ဖြင့် တစ်ခါမှ တွေ့ဖူးတယ်လို့ မထင်မိဘူး။ဒီကာလတုန်းက လူ့သက်တမ်းဟာ လွန်ရောကျွံရော ငါးဆယ်လောက်ပဲ ရှိတာပါ။ဒါတောင်ကျန်းမာပါမှ။**‘ဗားဒစ်’** တစ်ယောက်၊ ရှစ်ဆယ်ထိနေရတာ။ကုသိုလ် ထူးတယ်လို့ပဲ ဆိုရလိမ့်မယ် ထင်ပါရဲ့။

ဒီလိုနဲ့ ကျွန်တော်လည်း **‘ဗားဒစ်’** ဖြစ်လာတော့တယ်။တစ်ကြိမ်မှာတော့ သူကိုယ်တိုင် ရေးထားတဲ့ စာတစ်ပုဒ်ကို ဖတ်လိုက်ရပါတယ်။သူ့ကို လူတစ်ယောက်ကဒီလို မေးဖူးပါသတဲ့။

“ဆရာကြီးခင်ဗျာ ဆရာကြီးဟာ တကယ့်ကိုနာမည်ကျော် ပုဂ္ဂိုလ်ကြီးပါ။ရာစုခေတ်ရဲ့ အကောင်းဆုံးဂီတပညာရှင်ကြီးပါ။ ရာစုခေတ်ရဲ့ အကောင်းဆုံး ဂီတပညာရှင်ကြီးလို့လည်း လူတိုင်းက အသိအမှတ်ပြုထားကြပါပြီ။ဆရာကြီးရဲ့ အသက်က

လည်း ရှစ်ဆယ်ဆိုတော့ အိုမင်းတွင်းဆုံးပေါ့နော်... ။ဘာကြောင့်များခုလို အိုကြီးအိုမရောက်မှ နောက်ထပ်အော်ပရာသစ်တစ်ခုကို အပင်ပန်းခံ ရေးနေတာလည်း ဆရာကြီးရယ်။ဆရာကြီးဟာ ကတစ်ပုဒ်ထက်တစ်ပုဒ်ပိုကောင်းရမယ် လုပ်နေတော့ လောဘကြီးရာ မရောက်ပေဘူးလား"

ဒီတော့ **'ဗားဒစ်'** က ခုလို ပြန်ဖြေပါသတဲ့။

"ဂီတသမားတစ်ယောက်အနေနဲ့ ကျွန်တော်တစ်သက်တာလုံး ကောင်းသထက်ကောင်းအောင် အားထုတ်လာခဲ့တာပဲ။ နက်ဖြန် ကျွန်တော်ဟာ ဒီနေ့ကျွန်တော်ထက် သာကို သာရမယ်။ ဒါ... ကျွန်တော့်တာဝန်ပဲလေ"

သူ့စကားလုံးတွေက ခေါင်းထဲမှာ စွဲသွားတော့တယ်။ ကျွန်တော့်အတွက်တော့ ဘယ်လိုမှ ငြင်းမရတဲ့ အမှန်တရားတွေ ဖြစ်သွားတော့တယ်။ **'ဗားဒစ်'** ကျွန်တော့်အရွယ် ဆယ့်ရှစ်နှစ်သားကဆိုရင် ကျွမ်းကျင်တဲ့ ဂီတသမားတစ်ယောက် ဖြစ်နေခဲ့ပြီ။ **ကျွန်တော် ဘာဖြစ်ချင်လဲဆိုတာ ခုထိ ကျွန်တော် မစဉ်းစားမိခဲ့သေးဘူး**။ အောင်မြင်တဲ့ ဝါဂွမ်းကုန်သည်ကြီး မဖြစ်ချင်ဘူးဆိုတာတော့ သိတယ်။ အသက်ကသာ ဆယ့်ရှစ်နှစ်ရောက်ပေမယ့် စင်စစ်တော့ ကျွန်တော်ဟာ ကလေးပေါက်စပါပဲ။ ဘာမှ အသိအလိမ္မာမရှိတဲ့၊ ခပ်ညံ့ညံ့ ချာတိတ်တစ်ယောက် ဖြစ်နေတယ်။ နောင် (၁၅)နှစ်အကြာ အသက် (၃၀) ကျော်တော့မှပဲ၊ ကိုယ့်ကိုယ်ကိုတွေ့ရှိပါတော့တယ်။ ဒီတော့မှပဲ ငါကျွမ်းကျင်တာ၊ ငါ့ရဲ့နေရာဟာ ဘယ်မှာဆိုတာစဉ်းစားနိုင်တော့တယ်။

ဒီလိုနဲ့ (၁၈)နှစ်သားက စပြီးတော့ပဲ ဆုံးဖြတ်ချက်တစ်ခုကိုတော့ ခိုင်ခိုင်မာမာ ချနိုင်ခဲ့ပါတယ်။ ငါဘာပဲလုပ်လုပ်၊ **"ဗားဒစ်"**ရဲ့ စကားဟာ ဘဝအတွက် လမ်းပြကြယ် ဖြစ်ရမယ်ပေါ့။ အသက်တွေဘယ်လောက်ကြီးကြီး ဘယ်တော့မှ ရပ်မပစ်ဘူး။ နောက်ဆုံးထွက်သက်အထိ ကြိုးစားရမယ်လို့လည်း ဆုံးဖြတ်ခဲ့ပါတယ်။ တကယ်တော့ **လူ့ဘဝဆိုတာ ပြည့်စုံသထက်ပြည့်စုံစေဖို့ မနားမနေ အားထုတ် နေရမည့် ခရီးစဉ်ကြီးသာ ဖြစ်ပါတယ်**။

## ဒုတိယအတွေ့အကြုံ

**'ဟန်းဘတ်'**မှာ အလုပ်သင်ဘဝနဲ့ ရှိနေတုန်းမှာပဲ ဒုတိယအတွေ့အကြုံကို ကျွန်တော်ရလိုက်ပါတယ်။ စာအုပ်တစ်အုပ်ကို ဖတ်ရင်းက **'ပြီးပြည့်စုံခြင်း'**ရဲ့ အဓိပ္ပာယ်ကို ကျွန်တော်သွားတွေ့လိုက်ပါတယ်။ ဒီစာအုပ်က ခေါမခေတ်ရဲ့ ပန်းပုပညာရှင်ကြီး **'ဖီးဒီးယပ်(စ်)'** ရဲ့ အကြောင်းကို ရေးထားတာပါ။ ဘီစီ (၄၄၀)လောက်က သူ့ကို မြို့တော်ဝန်က ပန်းပု½ပ်တုတွေ ထုပေးဖို့ အလုပ်အပ်ပါသတဲ့။ သူထုခဲ့တဲ့ ဒီ½ပ်တုတွေကို နောင်နှစ်ပေါင်း (၂၄၀၀) အကြာ အခုချိန်ထိ အေသင်မြို့တော်ရဲ့ **'ပါသီနွန်'** ဘုရားကျောင်း အမိုးပေါ်မှာ တွေ့နိုင်ပါတယ်။ ဒီနေ့ခေတ်မှာတော့ သူ့လက်ရာကို မြင်ရသူတိုင်းက စွဲလန်းနှစ်ခြိုက် ကြပါတယ်။ အနောက်တိုင်း ယဉ်ကျေးမှုရဲ့ အကောင်းဆုံးလက်ရာလို့လည်း သတ်မှတ်ထားကြပါတယ်။ ဒါပေမယ့် ဒီရုပ်တုတွေကို ထုအပြီး ကုန်ကျစရိတ် စာရင်းတင်တော့ **ဖီးဒီးယပ်(စ်)**ခမျာ အေသင်မြို့တော်မှ စာရေးတော်ကြီးနဲ့စကားများခဲ့တယ်လို့ ဆိုတယ်။ မြို့စာရေးတော်ကြီးက ဒီလို ဆင်ခြေတက်တယ်တဲ့။

"မောင်မင်းရဲ့ ရုပ်တုတွေဟာ အေသင်မြို့တော်ရဲ့ အမြင့်ဆုံးတောင်ကုန်းပေါ်က ဘုရားကျောင်း အမိုးမှာ တင်ထားတာနော်။ ဒီတော့ လူတွေက ရှေ့ဖက်က မြင်နိုင်မှာပေါ့။ နောက်ကျောအခြမ်းကို ဘယ်သူမှ မမြင်နိုင်ဘူးပေါ့။ မောင်မင်း စာရင်းတင်ထားတာက ရှေ့ရော နောက်ရော ပတ်ပတ်လည်လည်အတွက် ဖြစ်နေတယ်။ ဘယ်သူမှ မမြင်ရတဲ့ နောက်ကျောအတွက် ငွေချေစရာ မလိုတော့ဘူးပေါ့ကွယ်။ ဘယ့်နှယ့်လဲ"

## ဘုရားသခင် မြင်တယ်

"မှန်လှပါ–စာရေးတော်ကြီးပြောတာ မှားပါတယ်ခင်ဗျ"
**ဖီးဒီးယပ်(စ်)**ကလည်း အခုလို ချေပပါသတဲ့။
"ရုပ်တုတွေရဲ့ နောက်ကျောဘက်ကို သာမန်လူတွေ မမြင်ကြပေမယ့် ဘုရားသခင် မြင်ပါတယ် ခင်ဗျား"

အဲ့ဒီစာသားတွေဟာ ကျွန်တော်ခေါင်းထဲမှာ သံမှိုနှက်သလို စွဲသွားတော့တယ်။ ကျွန်တော်ဆိုတဲ့ကောင်ကလည်း 'ဘုရားသခင် မြင်မှာ မဟုတ်ပါဘူး' ဆိုပြီး ပြီးစလွယ် လုပ်တတ်တဲ့ အကျင့်က ရှိနေတယ်လေ။ ဘုရားသခင် မြင်တာ၊ မမြင်တာအပထား အလုပ်တစ်ခုကို အကောင်းဆုံး အပြည့်စုံဆုံးဖြစ်အောင် လုပ်ရမယ်ဆိုတဲ့ အသိကို ရလိုက်ပါတယ်။

"ခင်ဗျားရေးတဲ့ စာအုပ်တွေထဲမှာ ဘာကို အကြိုက်ဆုံးလဲ" လို့ မေးခဲ့ရင် ကျွန်တော်ကတော့ ခပ်မိန့်မိန့်ပြုံးပြီး ခုလို ဖြေလိုက်မယ်။ "နောက်ရေးမယ့်စာအုပ်" လို့။ မရယ်နဲ့ ခင်ဗျ။ ကျွန်တော် အတည်ပြောနေတာ။ **'ဗားဒစ်'** ရဲ့ စကားကို နမူနာယူပြီး ပြောတာပါ။ အခု ကျွန်တော့်အသက် (၉၀) ရှိပြီ။ **'ဗားဒစ်'** (**falstaff**) ရေးခဲ့တုန်းက အသက်ထက်ကြီးသွားပြီပေါ့။ ဒါပေမယ့် ကျွန်တော် စာအုပ်တွေ ရေးတုန်းပဲ။ မကြာခင်မှာပင် ကျွန်တော် စာအုပ်နှစ်အုပ်ထုတ်စရာရှိတယ်။ ဒီနှစ်အုပ်လုံးဟာ ကျွန်တော့်ရဲ့ အရင်လက်ရာတွေထက် သာကို သာစေရမယ်ခင်ဗျာ။ **ကျွန်တော့် စိတ်ကူးစံထဲက အကောင်းဆုံး အပြည့်စုံဆုံး ဆိုတာတွေနဲ့ နီးသထက်နီးလာစေရမယ်။**

## စာနယ်ဇင်းသမားတစ်ယောက်အဖြစ်

နှစ်အနည်းငယ်လောက်ကြာတော့ ကျွန်တော် **'ဖရန့်ဖွတ်'**ကို ပြောင်းပါတယ်။ အစကတော့ အကျိုးဆောင်ကုမ္ပဏီတစ်ခုမှာ အလုပ်သင်အနေနဲ့ ဝင်လုပ်ခဲ့ပါတယ်။ ဒါပေမယ့် (၁၉၂၉)ခုနှစ် အောက်တိုဘာလရောက်တော့ နယူးယောက်စတော့ဈေးကွက်ပြိုကျသွားပါလေရော။ ကျွန်တော့် ကုမ္ပဏီလေးခမြာလည်း ဒေဝါလီခံသွားရတော့တယ်။ ကျွန်တော့် အသက်လည်း (၂၀)ပြည့်သွားပြီ၊ အဲဒီအချိန်မှာပဲ 'ဖရန့်ဖွတ်'ရဲ့ အကြီးဆုံးသတင်းစာတိုက်ကြီး တစ်ခုက ကျွန်တော့်ကို ကော်လံစား သတင်းထောက်လုပ်ဖို့ လာငှားပါတယ်။ ဘဏ္ဍာရေးနဲ့ နိုင်ငံခြားသတင်းတွေ ရေးဖို့ပါ။ ကျွန်တော်လက်ခံလိုက်တယ်။

ဥပဒေပညာကို ဆက်လေ့လာဖို့လည်း ဖရန့်ဖွတ်တက္ကသိုလ်မှာ ကျွန်တော်စာရင်းသွင်းခဲ့ပါသေးတယ်။ အဲဒီခေတ်ကတော့ တက္ကသိုလ်တစ်ခုက အခြားတစ်ခုကို ပြောင်းဖို့ဆိုတာ ဘာမှ အခက်အခဲ မရှိလှပါဘူး။ ပြောရရင်တော့ အဲဒီအချိန်ထိလည်း ဥပဒေပညာကို တယ်စိတ်မဝင်စားလှဘူး။ ဒါပေမယ့် ကျွန်တော် **'ဗားဒစ်' နဲ့ 'ဗီးဒီးယပ်(စ်)'**တို့ရဲ့စကားကို စွဲနေတယ်။ စာနယ်ဇင်းသမားဆိုတာကလည်း ဘာသာရပ်မျိုးစုံကို ရေးနိုင်သားနိုင်မှ ဖြစ်တာကလား။ ဝမ်းစာပြည့်တဲ့ စာနယ်ဇင်းသမားတစ်ယောက်ဖြစ်ဖို့အတွက် ဘာသာရပ်တော်တော်များများကို အနိမ့်ဆုံး တီးမိခေါက်မိရှိအောင်တော့ လေ့လာရမယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်။

## တတိယအတွေ့အကြုံ

ကျွန်တော်တို့ သတင်းစာက ညနေသတင်းစာပါ။ မနက်(၆)နာရီဆိုရင် ကျွန်တော်တို့ အလုပ်စလုပ်ကြတယ်။ နေ့ခင်းနှစ်နာရီကျော်လောက် ရောက်တော့ နောက်ဆုံးဖောင်ပိတ်ပြီ။ ကျွန်တော်လည်း အားသွားရော။ ဒါကြောင့် ညနေခင်းနဲ့ညဦးပိုင်း တွေကို စာဖတ်ချိန် လုပ်ပစ်လိုက်တယ်။ နိုင်ငံတကာ ဆက်ဆံရေး၊ နိုင်ငံတကာ ဥပဒေ၊ လူမှုရေးနဲ့ဥပဒေအဖွဲ့အစည်းတွေရဲ့သမိုင်း၊ အထွေထွေသမိုင်း၊ ဘဏ္ဍာရေးစသဖြင့်၊ ဘာသာရပ်တွေကို စုံသွားတာပဲ။ တဖြည်းဖြည်းနဲ့ **ကျွန်တော့် ဘာသာကျွန်တော်လေ့လာရေးစနစ် တစ်ခုဖန်တီးလိုက်သလို ဖြစ်သွားတော့တယ်**။ ခုထိလည်း ဒီစနစ်အတိုင်း ကျွန်တော်ဆက်သွားနေဆဲပါ။

ဘာသာရပ်တစ်ခုကို လေ့လာလို့(၃)နှစ်တန်သည် (၄)နှစ်တန်သည် လောက်ရှိရင် ကျွန်တော်ဘာရပ်အသစ်တစ်ခုကို ပြောင်းလိုက်တယ်။ တကယ်တော့ **ဘာသာရပ်တစ်ခုကို ပိုင်နိုင်ကျွမ်းကျင်ဖို့ဆိုတာ (၃)နှစ်လောက်နဲ့ ဘယ်ဖြစ်မလဲ။ ဒါပေမယ့် နားလည်နိုင်ဖို့အတွက်တော့ လုံလောက်တဲ့ အချိန်ဖြစ်မယ်လို့ ထင်ပါတယ်**။ ဒီလိုနဲ့ နှစ်ပေါင်းခြောက်ဆယ်လုံးလုံး ဘယ်အချိန်မှာပဲ ဖြစ်ဖြစ် ဘာသာရပ်တစ်ခုခုကိုတော့ လေ့လာနေဖြစ်ခဲ့ပါတယ်။ ဒီစနစ်ဟာ ကျွန်တော်ရဲ့ အသိဉာဏ်ပညာမိုးကုပ်စက်ဝိုင်းကို အဆက်မပြတ် မြင့်တင်ပေးနေပါတယ်။ ဒါတင်မက လေ့လာလိုက်တဲ့ ဘာသာရပ်အသီးသီးနဲ့ သက်ဆိုင်တဲ့ စည်းမျဉ်းသစ်တွေ၊ ချဉ်းကပ်မှုသစ်တွေ၊ နည်းနာသစ်တွေအတွက်လည်း အမြဲတံခါးဖွင့်ထားရာရောက်ပါတယ်။ ဒီလိုနဲ့ပဲ **မတူတဲ့ နည်းစနစ်တွေနဲ့ ကွဲပြားတဲ့ ယူဆချက်တွေ အားလုံးကို ကျွန်တော် ဆက်စပ်လာနိုင်ခဲ့ပါတယ်**။

## စတုတ္ထအတွေ့အကြုံ

ဒီအတွေ့အကြုံအတွက်တော့ ကျွန်တော်ရဲ့ အယ်ဒီတာချုပ်ကို ကျေးဇူးတင်ရပါလိမ့်မယ်။ ကျွန်တော်တို့ အယ်ဒီတာချုပ်ဟာ အဲဒီခေတ်ဥရောပရဲ့ အအောင်မြင်ဆုံး သတင်းစာဆရာတစ်ယောက်ပါ။ အယ်ဒီတာအဖွဲ့ကို လူငယ်တွေနဲ့ဖွဲ့စည်းထားပါတယ်။ ကျွန်တော်အသက် နှစ်ဆယ့်နှစ်-နှစ်မှာ ကျွန်တော်လည်း အယ်ဒီတာအဖွဲ့ထဲ ရောက်သွားပါတယ်။ စီမံခန့်ခွဲရေးအပိုင်းမှာ တာဝန်ယူရတာပါ။ ဒီလိုငယ်ငယ်ရွယ်ရွယ်နဲ့ အယ်ဒီတာဖြစ်လာတာဟာ ကျွန်တော်တော်လွန်းလှလို့ တော့ဖြင့် မဟုတ်ပါဘူး။ ပြောရရင် ကျွန်တော်ဟာ ဘယ်တုန်းကမှ ပထမတန်းစား သတင်းစာဆရာ မဖြစ်ခဲ့ပါဘူး။ အဲ့ဒီခေတ်(၁၉၃၀) တဝိုက်လောက်က အယ်ဒီတာဆိုတာ အနည်းဆုံး အသက်သုံးဆယ့်ငါး၊ လေးဆယ်လောက်မှ ဖြစ်တတ်ကြတာပါ။ ဒါပေမယ့် ပထမကမ္ဘာစစ်ကြီး အတွင်းမှာပဲ အတွေ့အကြုံရှိတဲ့ အယ်ဒီတာတော်တော်များများ အသက်ပေးခဲ့ ကြရတယ်။ ဒါကြောင့်လည်း ဒီကွက်လပ်ကြီးကို ကျွန်တော်တို့လို လူငယ်တွေနဲ့ ဖြည့်ခဲ့ရတာပါ။

အဲဒီတုန်းက အယ်ဒီတာချုပ်အသက်က ငါးဆယ်လောက် ရှိပါလိမ့်မယ်။ ကျွန်တော်တို့တွေကို လေ့ကျင့်သင်ကြားပေးဖို့၊ စည်းကမ်းနည်းလမ်း တကျဖြစ်ဖို့ အယ်ဒီတာချုပ်ဟာ အများကြီး ပင်ပန်းဆင်းရဲခံခဲ့ပါတယ်။ **တစ်ပတ်မှာ တစ်ကြိမ် ကျွန်တော်တို့ လူငယ်တွေကို စုပြီး ပြီးခဲ့တဲ့လုပ်ငန်းတွေကို နိဂုံးချုပ်ပြတတ်တယ်။ ပြီးတော့ တစ်နှစ်မှာ နှစ်ကြိမ်အထွေထွေ နိဂုံးချုပ်ဆွေးနွေးပွဲတွေကို ဦးဆောင်ကျင်းပပေးတယ်။** များသောအားဖြင့်တော့ နှစ်သစ်ကူးပွဲတော်အပြီးနဲ့ နွေရာသီ အားလပ်ရက်မတိုင်မီမှာပါ။ ဒီဆွေးနွေးပွဲတွေဟာ စနေ၊ တနင်္ဂနွေနှစ်ရက်လုံး ကြာတတ်တယ်။

ဒီနေရာမှာ အယ်ဒီတာချုပ်ရဲ့ အလုပ်လုပ်ပုံဟာ ပညာယူဖို့ကောင်းပါတယ်။

- ပထမဆုံး ကျွန်တော်တို့ရဲ့ အောင်မြင်မှု တွေကို ချီးကျူးစကားပြောပြီး စဖွင့်တယ်။
- နောက်ကျွန်တော်တို့ရဲ့ ကြိုးပမ်းမှုတွေကို ဆက်ပြောတယ်။ အောင်မြင်တာ မအောင်မြင်တာထက် ကြိုးပမ်းမှုကို အသိအမှတ် ပြုတဲ့သဘောပါ။
- ပြီးတော့မှ ကျွန်တော်တို့လိုအပ်သလောက် အားထုတ်မှုမရှိတာတွေကို စီစစ်ဝေဖန်ပြတယ်။
- အဲ နောက်ဆုံးကြမှ ကျွန်တော်တို့ ရော်သမျှ၊ ညံ့သမျှတွေကို ပယ်ပယ်နယ်နယ် ပြောတော့တာပဲ။
- သူ့ဝေဖန်ချက်တွေက သွေးထွက်အောင် မှန်နေတော့လည်း ကျွန်တော်တို့မှာ စိတ်မဆိုးသာတော့ဘူး။ ရှက်ရှက်နဲ့ပဲ နောင်မမှားအောင် ကြိုးစားရတော့တယ်။

ဆွေးနွေးပွဲရဲ့ နောက်ဆုံးနှစ်နာရီကတော့ လာမယ့် ခြောက်လအတွက် ပြင်ဆင်မှုအပိုင်းပါ။ **ကျွန်တော်တို့ဘာကို အာရုံစိုက်သင့်လဲ၊ ဘာတွေကို တိုးတက်အောင် လုပ်သင့်လဲ၊ ဘာတွေကို လေ့လာသင်ယူဖို့လိုမလဲ။** ကျွန်တော်တို့ရဲ့ရှေ့လမ်းစဉ်ကို စာတမ်းပြုစုပြီး အယ်ဒီတာချုပ်ဆီ တင်ပြရပါတယ်။

ကျွန်တော်အတွက်တော့ ဒီအတွေ့အကြုံတွေဟာ တကယ့်ကို တန်ဖိုး မဖြတ်နိုင်တဲ့ ရတနာတွေပါပဲ။

## ပြန်လည်သုံးသပ်ခြင်း

နောက် ဆယ်နှစ်နီးပါးအကြာ အမေရိကန်ကို ရောက်တော့ အယ်ဒီတာချုပ်က ပေးလိုက်တဲ့ အတွေ့အကြုံဟာ သိပ်ကို တန်ဖိုးရှိလာပါတော့တယ်။ (၁၉၄၀)အလွန်နှစ်တွေရောက်တော့ ကျွန်တော် မဟာဌာနကြီးတစ်ခုမှာ ပါမောက္ခဖြစ်လာပါတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော်ရဲ့ အတိုင်ပင်ခံအလုပ်ကို စခဲ့ပါတယ်။ စာအုပ်တွေလည်း ထုတ်စပြုပြီပေါ့။ ဒီမှာတင် 'ဖရန့်ဖွတ်'က အယ်ဒီတာချုပ်ရဲ့ လမ်းညွှန်မှုတွေဟာ ကျွန်တော့်အတွက် ရှေ့ဆောင်လမ်းပြလည်း ဖြစ်လာခဲ့ပါတယ်။

တစ်နှစ်တစ်နှစ်မှာ ရက်သတ္တပတ် နှစ်ပါတ်လောက်ကို သီးသန့် အချိန်ယူပါတယ်။ ကျွန်တော်တစ်နှစ်တာလုပ်ခဲ့တဲ့ အလုပ်အားလုံးကို ပြန်သုံးသပ်တယ်။ ထုံးစံအတိုင်း အောင်မြင်မှုတွေက စပါတယ်။ ဒါပေမယ့် **ပိုကောင်းအောင် လုပ်သင့်တာတွေ၊ လုပ်နိုင်တာတွေကို အဓိကထားပြီး ပြန်ကြည့်တယ်။ နောက် ချို့ယွင်းချက်တွေ အမှားတွေကို ပြန်ရှာတယ်။ လုပ်သင့်လုပ်ထိုက်ပါရက်နဲ့ မလုပ်ဖြစ်တာတွေကိုလည်း တွေ့လာတယ်။** အတိုင်ပင်ခံ အလုပ်မှာရော စာရေးတဲ့ အလုပ်နဲ့ သင်ကြားရေး အလုပ်မှာပါ ရှေ့တင်ရမယ့် **ဦးစားပေးလုပ်ငန်းတွေကိုလည်း ရွေးချယ်ဆုံးဖြတ်**ပါတယ်။

ဝန်ခံရရင် စီမံကိန်းလျာထားချက် ပြည့်မီအောင်တော့ ကျွန်တော်ဘယ်တုန်းကမှ မလုပ်နိုင်ခဲ့ပါဘူး။ ဒါပေမယ့် **"လူဆိုတာ ပြီးပြည့်စုံမှုတစ်ခုအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းနေရမယ်"** ဆိုတဲ့ **'ဗားဒစ်'**ရဲ့ စကားက ကျွန်တော်ကို တွန်းအားပေးပါတယ်။ ဒီလိုနဲ့ မလုပ်ဖြစ်ခဲ့တဲ့ကိစ္စတွေအတွက် နောင်တရ ဝမ်းနည်းမနေတော့ဘဲ ကောင်းသထက်ကောင်းအောင်သာ ကြိုးစားခဲ့ပါတယ်။ ခုချိန်ထိ ဆိုပါတော့။

## ပဋ္ဌမအတွေ့အကြုံ

(၁၉၃၃)ခုနှစ်မှာ ကျွန်တော် 'ဖရန့်ဖွတ်'ကနေ 'လန်ဒန်'ကို ပြောင်းလာခဲ့ပါတယ်။ ပထမတော့ အာမခံကုမ္ပဏီကြီးတစ်ခုမှာ အလုပ်လုပ်ပါတယ်။ အာမခံကိစ္စတွေကို ခွဲခြမ်းစိတ်ဖြာရတဲ့ အလုပ်ပါ။ တစ်နှစ်လောက်ကြာတော့ ကျွန်တော်ဘဏ်တိုက်တစ်ခုကို ပြောင်းလိုက်တယ်။ ဒီဘဏ်လေးဟာ ငယ်ပေမယ့် အလားအလာ သိပ်ကောင်းပါတယ်။ ဘဏ်ရဲ့ အလုပ်အမှုဆောင်အဖွဲ့မှာ အစုရှယ်ယာဝင်သုံးယောက်ပါတယ်။ အဲဒီထဲက တစ်ယောက်ဟာ ဘဏ်ကို စတင်ထူထောင်ခဲ့သူပါ။ အသက်ခုနှစ်ဆယ်လောက်၊ ကျန်တဲ့နှစ်ယောက်ကတော့ သုံးဆယ်ကျော်ကျော်လောက်ဖြစ်ပါတယ်။ ကျွန်တော်ကိုတော့ ဘောဂဗေဒပညာရှင် တစ်ယောက်အနေနဲ့ အဲဒီဘဏ်က ခေါ်လိုက်တာ။ ကျွန်တော့်တာဝန်ကအလုပ်အမှုဆောင်အဖွဲ့ရဲ့ အတွင်းရေးမှူးပေါ့လေ။

ပထမတော့ လူငယ်နှစ်ယောက်နဲ့ပဲ တွေ့ပြီး အလုပ်လုပ်ရပါတယ်။ ဒါပေမယ့် သုံးလကျော်ကျော်လောက်ကြာတော့ ပိုင်ရှင်အဘိုးကြီးက ကျွန်တော့်ကို သူ့ရုံးခန်း ခေါ်လိုက်တယ်။ အဲဒီမှာတင် ကျွန်တော့်ကို ပယ်ပယ် နယ်နယ် တွယ်တော့တာပါပဲ။

"မောင်ရင် ... ကိုယ်တို့ ဘဏ်ရောက်တော့ မင်းကို သိပ်မသိပါဘူး။ ခုထိလည်း မောင်ရင့်အကြောင်း များများစားစားတော့ မသိသေးပါဘူးလေ။ ဒါပေမယ့် ကိုယ်ထင်ထားတာထက်တောင် မောင်ရင်က တုံးနေတာ တွေ့ရတယ်။ ပြောရရင်တော့ မောင်ရင်ဟာ ရှုပ်ရှုပ်ချွံချွံကို တုံးတဲ့ကောင်ပဲကွ"

လူငယ်နှစ်ယောက်နဲ့ တွဲနေစဉ်က နိစ္စဓူဝ မိုးလောက်ကြီး ချီးကျူးခံနေရတဲ့ ကျွန်တော့်မှာ ဘာတစ်ခွန်းမှ ပြန်မပြောနိုင်လောက်အောင် အငိုက်မိသွားပါတယ်။

## တာဝန်သစ်နှင့် အပြောင်းအလဲ

အဲ့ဒါနဲ့တင် မပြီးသေးဘူးခင်ဗျ။ အဘိုးကြီးက ဆက်ပြောသေးတယ်။"အေး မင်းအာမခံ ကုမ္ပဏီမှာလုပ်တုန်းကတော့ မဆိုးလှပါဘူး။ ဒါပေမယ့် တို့လိုချင်တာ အာမခံကိစ္စ ခွဲခြမ်းစိတ်ဖြာသူ မဟုတ်ဘူးကွ။ တို့အလုပ်အမှုဆောင်အဖွဲ့အတွက် အတွင်းရေးမှူးကောင်းတစ်ယောက်ကို လိုချင်တာ။ ဒါပေမယ့် မောင်ရင်က လိုချင်သလိုဖြစ်မလာဘူး။ အာမခံကုမ္ပဏီမှာ လုပ်ခဲ့တဲ့အလုပ်ပဲ ဆက်လုပ်နေတယ်။ မောင်ရင်ရဲ့ အလုပ်သစ်မှာ ထိထိရောက်ရောက် စွမ်းဆောင်နိုင်ဖို့ မောင်ရင် ဘာလုပ်သင့်သလဲ။ ဒါကိုမောင်ရင် သေချာစဉ်းစားပါ။ ဟုတ်လား။"

ကျွန်တော် ကျွဲမြီးတိုသွားတာ အမှန်ပါပဲ။ တစ်ချိန်ထဲမှာပဲ အဘိုးကြီးရဲ့စကားဟာ သွေးထွက်အောင် မှန်နေပါလားဆိုတာကိုလည်း သိနေတယ်။ ဒီကိစ္စဟာ **မာနနဲ့ ရင်းလိုက်ရတဲ့ အဖိုးတန် သင်ခန်းစာတစ်ခုပါ**။ အဲဒီနောက်တော့ တာဝန်သစ်တစ်ခုကို ထမ်းဆောင်ရတော့မယ်ဆိုတိုင်း ကျွန်တော် ကိုယ့်ကိုယ်ကို မေးခွန်းထုတ်တတ်လာခဲ့ပါတယ်။ **"ငါ့ရဲ့ တာဝန်သစ်ကို ထိထိရောက်ရောက် စွမ်းဆောင်နိုင်ဖို့ ငါအခု ဘာတွေလုပ်ဖို့လိုမလဲ"**။ အဲဒီလို စဉ်းစားလိုက်တဲ့အခါတိုင်းလည်း ထူးခြားမှုတွေကို ကျွန်တော် ဆုပ်ကိုင် လိုက်မိတယ်လို့ ခံစားရပါတယ်။

အခုဆိုရင် "အတိုင်ပင်ခံ" တစ်ယောက်အနေနဲ့ လုပ်ခဲ့တာ နှစ်ပေါင်း(၅၀)ရှိပါပြီ။ တိုင်းပြည်ပေါင်းစုံက အဖွဲ့အစည်းပေါင်းစုံနဲ့ ကျွန်တော်တွဲလုပ်ခဲ့ ဖူးပါတယ်။ ကျွန်တော်ကြုံဖူးသမျှ အဖွဲ့အစည်းတွေမှာ အဓိကတွေ့နေရတဲ့ ဆုံး½မှုကြီးတစ်ခုကတော့ **အဆင့်/ရာထူးနေရာ တိုးပေးလိုက်တဲ့ အခါတိုင်း ကြုံတွေ့ရလေ့ရှိတဲ့ မအောင်မြင်မှုတွေပါဘဲ**။

အရည်အချင်းရှိတဲ့ သူတွေကို ရာထူးတိုးပေးပြီး တာဝန်သစ်တွေ အပ်နှင်းတတ်ကြပါတယ်။ ဒါဟာ သဘာဝကျပါတယ်။ ဖြစ်လည်းဖြစ်သင့်ပါတယ်။ **ခက်နေတာက လူတော်တော်များများဟာ နေရာသစ်/ရာထူးသစ်နဲ့ အံဝင်ဂွင်ကျ မဖြစ်တာပါ။** လုံးဝကို မအောင်မြင်တာကတော့ အနည်းစုပေါ့လေ။ အများစုကတော့ အောင်မြင်တယ်လို့လည်း ပြောလို့မရ၊ မအောင်မြင်ဘူးလို့လဲ မဆိုသာ။ ပြောရရင်တော့ ရွက်ကြမ်းရေကျိုသာမန်လောက်ပါပဲ။တကယ့်ကို **အောင်မြင်တဲ့သူဆိုတာ လက်တစ်ဆုပ်စာလောက်ပဲ ရှိပါတယ်။**

## အလှည့်အပြောင်း

ဆယ်နှစ် ဒါမှမဟုတ် ဆယ့်ငါးနှစ်လောက် အလုပ်တစ်ခုမှာ အောင်မြင်မှုသရဖူဆောင်းခဲ့သူတွေဟာ ဘာ့ကြောင့်များ ရုတ်ချည်းအရည်အချင်း မပြည့်မီသူတွေ ဖြစ်သွားရတာလဲ။ ကျွန်တော့် အတွေ့အကြုံအရ လွန်ခဲ့တဲ့ နှစ်ပေါင်း(၆၀) လောက်က လန်ဒန်ဘဏ်မှာ ကျွန်တော် ကျူးလွန်ခဲ့တဲ့ အမှားမျိုးကြောင့်လို့ ယူဆပါတယ်။ ကျွန်တော်တို့ဟာ ကိုယ်အောင်မြင်ခဲ့တဲ့၊ ကိုယ့်ကို ရာထူးတက်စေခဲ့တဲ့ လုပ်နည်းလုပ်ဟန်တွေကို အစွဲအလန်း ကြီးတတ်ကြပါတယ်။ တာဝန်သစ်/အလုပ်သစ်ကို ပြောင်းခဲ့ရပေမယ့် ဒီအစွဲက မကျွတ်ချင်ဘူး။ ဒါမျိုးဆက်လုပ်မှ အောင်မြင်လိမ့်မယ်လို့လည်းစိတ်က ထင်မှတ်မှား နေတတ်တယ်။ တကယ်တော့ ဒီလူတွေ ကြုံရတဲ့ ပြဿနာက အရည်အချင်းကျသွားတာ မဟုတ်ဘူး။ အနာတခြား၊ ဆေးတခြား ဖြစ်နေတာမျိုးပါ။ အပြောင်းအလဲနဲ့ ဆီလျော်အောင် မလှည့်ပြောင်းနိုင်တဲ့ အချက်လို့ မြင်ပါတယ်။

တကယ့်လိုအပ်ချက်အစစ်ဟာ မိုးပျံနေအောင် တော်နေတတ်နေဖို့ မဟုတ်ပါဘူး။ **ပြောင်းလဲလာတဲ့ အခြေအနေသစ်ကို တစူးစိုက်စိုက်လေ့လာဖို့က ပိုလိုအပ်ပါတယ်။ စိန်ခေါ်မှု အသစ်တွေကို တုန့်ပြန်နိုင်ဖို့က ပိုအရေးကြီးပါတယ်။** ဒါဆိုရင် အလုပ်သစ်တာဝန်သစ်မှာ အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းသွားနိုင် ပါလိမ့်မယ်။

## ဆဌမအတွေ့အကြုံ

(၁၉၃၉)မှာ ကျွန်တော် အင်္ဂလန်ကနေ အမေရိကန်ကို ပြောင်းခဲ့ပါတယ်။ အဲဒီနောက် နှစ်အနည်းငယ်အကြာ (၁၉၄၅) ခုနှစ်လောက်မှာ ကျွန်တော့်ရဲ့ ဘာသာရပ်တစ်ခု သုံးနှစ်စီမံကိန်းအရ ကျွန်တော် ဘာသာရပ်အသစ်တစ်ခုကို ကောက်ကိုင်လိုက်ပါတယ်။ ဒါကတော့ ခေတ်သစ် ဥရောပသမိုင်းပါ။ အထူးသဖြင့် (၁၅) နဲ့ (၁၆)ရာစုသမိုင်းတွေ ဖြစ်ပါတယ်။
အဲဒီမှာ ဘာသာရေးအဖွဲ့အစည်းကြီး နှစ်ခုဟာ ဥပဒေကို အဓိက လွှမ်းမိုးထားတဲ့ အင်အားစုတွေ ဖြစ်နေတယ်ဆိုတာ ကျွန်တော် တွေ့လိုက်ရတယ်။ အဲဒီအဖွဲ့အစည်းကြီး နှစ်ခုကတော့ ကက်သလစ်တောင်ပိုင်းရဲ့ "ယေရှုဝါဒီကျောင်းတော်" (The Jesuit Order) နဲ့ ပရိုတက်စတင့် မြောက်ပိုင်းရဲ့ "ကယ်(လ)ဗင် ဝါဒီကျောင်းတော်" (Calvinist Church)တို့ ဖြစ်ပါတယ်။

ဒီကျောင်းတော်ကြီး နှစ်ခုစလုံးဟာ တသီးတခြားစီ လွတ်လွတ်လပ်လပ်ကြီး ထူထောင်လာခဲ့ကြတာပါ။ (၁၉၃၆)ခုနှစ်တစ်ဝိုက်လောက်မှာပေါ့။ ဒါပေမယ့် တည်ထောင်စဉ်ကကိုပဲ ကျောင်းတော်ကြီး နှစ်ခုစလုံးဟာ **တစ်ခုတည်းသော လေ့လာသင်ယူရေး စည်းကမ်း**ကို အတူတူ ကျင့်သုံးခဲ့ကြပါတယ်။ ဒီကျောင်းတော်ကြီး နှစ်ခုလုံး အောင်မြင်ခဲ့တာဟာ သူတို့ အတူတူ ကျင့်သုံးခဲ့ကြတဲ့ တစ်ခုတည်းသော နည်းနာကြောင့် ဖြစ်မယ်လို့ ကျွန်တော်တော့ ဆိုချင်ပါတယ်။

## ချရေးတဲ့ အကျင့်

ယေရှုဝါဒီ ဘုန်းတော်ကြီး တစ်ပါးပဲဖြစ်ဖြစ်၊ ကယ်(လ်)ဗင်ဝါဒီ ခင်ကြီး တစ်ပါးဖြစ်ဖြစ် အရေးကြီးတာက တစ်ခုခု လုပ်တော့မယ်၊ ဆုံးဖြတ်ချက် တစ်ခုခု ချတော့မယ်ဆိုရင် သူတို့မျှော်လင့်တွက်ဆထားတဲ့ အကျိုးဆက်တွေကို ချရေးလေ့ရှိကြတယ်။ နောက် (၉)လကြာတော့မှ တကယ်လက်တွေ့ရလိုက်တဲ့ အကျိုးဆက်တွေနဲ့ သူတို့ရဲ့ ကြိုတင်မှန်းဆချက်တွေကို တိုက်ဆိုင်စစ်ဆေး ကြပါတယ်။ ဒီလိုနဲ့ "သူတို့ဘာတွေ လေ့လာသင်ယူဖို့ လိုနေသေးတယ်၊ ဘယ်လိုအကျင့်မျိုးကိုဖြင့် ပြင်မှတော်မယ်" ဆိုတာကိုလည်း သဘောပေါက်လာပါတယ်။ နောက်ဆုံး "ဘယ်နေရာမှာဖြင့် ဘာမှ မလုပ်နိုင်ခဲ့ဘူး။ ဘယ်အလုပ်ဟာဖြင့် ငါ့အရာမဟုတ်ပေဘူး" ဆိုတာမျိုးထိ ကိုယ့်ကိုယ်ကို ဝေဖန် သုံးသပ်လာနိုင်ခဲ့တယ်။

ဒီနည်းကို ကျွန်တော်ငြိသွားပါတယ်။ အဲဒီအချိန်ကစပြီး လက်တွေ့ ကျင့်သုံးခဲ့တာခုဆိုရင် နှစ်ပေါင်း (၅၀)လောက် တောင်ရှိနေပြီ။ **“ကိုယ်တော် တာက ဘာ၊ ကိုယ်ရှော်တာက ဘာ”** ဆိုတာကို သိဖို့ ကိစ္စဟာ လူတစ်ယောက်အတွက် **သိပ်အရေးကြီးပါတယ်**။ ဒါမှသာ**“ဘာတွေကို တိုးတက်အောင် ကြိုးစားရမယ်၊ ဘယ်လိုနည်းနဲ့ ကြိုးစားရမယ်”**ဆိုတာကို မှန်းဆ လို့ရပါလိမ့်မယ်။ ဒါတင်မက **“ဘယ်လိုကိစ္စမျိုးဟာဖြင့် ကိုယ့်ပုံစံနဲ့ မကိုက်လှဘူး။ ကိုယ့်အရာမဟုတ်ဘူး”** ဆိုတာကိုလည်း နားလည်လာမှာ ဖြစ်ပါတယ်။ ဒီလိုကိစ္စမျိုးဆိုရင်တော့ ကြိုးစားနေလည်း အချိန်ကုန်½ပဲရှိမှာပဲ။

ဒီအကျင့်လေးဟာ **တစ်သက်တာ၊ စဉ်ဆက်မပြတ်လေ့လာ သင်ယူနေချင်သူအတွက်** သော့ချက်ဖြစ်မယ်ထင်ပါတယ်။

## သတ္တမ အတွေ့အကြုံ

(၁၉၄၉) ခုနှစ်ရဲ့ ခရစ္စမတ်ကာလမှာပေါ့။ ကိုယ်ရေးကိုယ်တာနဲ့ ဆက်စပ်နေပေမယ့် ဘဝမှာ မမေ့နိုင်စရာ အတွေ့အကြုံတစ်ခုကို ထပ်ရလိုက်ပါတယ်။ ဒီအတွေ့အကြုံကို ဖန်တီးပေးလိုက်သူကတော့ နာမည်ကျော် ဘောဂဗေဒ ပညာရှင်ကြီး **“ဂျိုးဇက်ရှွန်းပီတာ”** ကိုယ်တိုင် ဖြစ်ပါတယ်။ အဲ့ဒီတုန်းက ကျွန်တော်ဟာ နယူးယောက် တက္ကသိုလ်မှာ စီမံခန့်ခွဲမှုပညာ ပို့ချကာစပေါ့။ ကာလီဖိုးနီးယားမှာနေတဲ့ ကျွန်တော့်ဖခင်ကြီး ကျွန်တော့်ဆီ အလည်ရောက်လာပါတယ်။ အဖေ့အသက်က (၇၃) နှစ်ရှိပါပြီ။ ပင်စင်ယူပြီးကာစပေါ့။ နှစ်သစ်ကူးပွဲတော်ပြီးကာစ။ (အတိအကျ ပြောရင်) (၁၉၅၀) ခုနှစ်၊ ဇန်နဝါရီလ (၃)ရက် နေ့မှာ အဖေရယ်၊ ကျွန်တော်ရယ် အဖေ့မိတ်ဆွေ တစ်ယောက်ဆီ အလည်သွားခဲ့ကြပါတယ်။ အဖေ့မိတ်ဆွေဆိုတာ ... တခြားလူဟုတ်ပါရိုးလား။ ဘောဂဗေဒအရာမှာ ဆရာကြီးတစ်ဆူဖြစ်တဲ့ **“ဂျိုးဇက်ရှွန်းပီတာ”**ပေါ့။ အဖေက ပင်စင်စားကြီးဖြစ် နေပေမယ့်သူ့သူငယ်ချင်းကတော့ အလုပ်တွေလုပ်ကောင်းဆဲပါ။ အဲဒီတုန်းက **“ရှွန်းပီတာ”** ရဲ့ အသက်ကခြောက်ဆယ့်ခြောက်။ ဟားဗတ်တက္ကသိုလ်မှာ “လက်ချာ”တွေ ပေးကောင်းတုန်း။ “အမေရိကန် ဘောဂဗေဒအစည်းအရုံး” ရဲ့ ဥက္ကဋ္ဌ တာဝန်ကိုလည်း တက်တက်ကြွကြွ ထမ်းဆောင်တုန်း။ ကမ⅏နဲ့ချီပြီး ရှိနေတဲ့ ကျော်ကြားမှု ကိုလည်း ရယူပိုင်ဆိုင်ထားတုန်းပါ။

(၁၉၀၂)ခုနှစ်လောက်က အဖေဟာ ဩစတြီးယားဘ@ာရေး ဝန်ကြီးဌာနမှာ ဝန်ထမ်းငယ်တစ်ယောက်အနေနဲ့ တာဝန် ထမ်းဆောင်ဆဲပေါ့။ တက္ကသိုလ်မှာလည်း ဘောဂဗေဒပညာကို ပို့ချခဲ့ပါတယ်။ အဲဒီအချိန်မှာ အဖေနဲ့ **“ရှွန်းပီတာ”** တို့ သိကျွမ်းခင်မင်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ဒီတုန်းက **“ရှွန်းပီတာ”**အသက်က ဆယ့်ကိုးနှစ်။ ထက်မြက်တဲ့ ကျောင်းသား လူငယ် တစ်ယောက်ပေါ့။ သူတို့နှစ်ယောက်က ရောင်းရင်းတွေသာ ဖြစ်ခဲ့ကြတာ၊ တစ်ယောက်နဲ့ တစ်ယောက်ကဖြင့် “မတူခြားနားတယ်” လို့ပြောရ မလားဘဲ။ ရှွန်းပီတာက တောက်တောက်ပပ၊ မောက်မောက်ကြွားကြွား၊ စကားပြောရင်လည်း အပေါ်စီးက။ မာနကလည်း ကြီးသလားမမေးနဲ့။ အဖေက စကားလည်းနည်းတယ်။ ခပ်အေးအေး ခပ်½⅏½⅏ နေတတ်တယ်။အားနာတတ်လိုက်တာလည်း အလွန်။ ဒါနဲ့တောင် သူတို့ နှစ်ယောက်ဟာ မြန်မြန်ကြီး ခင်သွားပြီး စွဲမြဲတဲ့ မိတ်တွေစစ်တွေ ဖြစ်သွားခဲ့ကြပါတယ်။

(၁၉၄၉)ခုနှစ်တွေရောက်တော့ **“ရှွန်းပီတာ”**မှာ ငယ်ကျင့်တွေမတွေ့ရတော့ပါဘူး။ အများကြီး ပြောင်းလဲသွားပါပြီ။ အသက်ကလည်း ခြောက်ဆယ့်ခြောက်နှစ်ရှိနေပြီ။ သူ့ရဲ့ “ဟားဗတ်” ပါမောက္ခ ဘဝဟာလည်း နောက်ဆုံးအချိန် နီးနေပြီ။ သူဟာ ကျော်ကြားမှုရဲ့ တောင်ထိပ်ပေါ်ရောက်နေပါပြီ။ အဘိုးကြီးနှစ်ယောက်ဟာ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြရင်း ပတ်ဝန်းကျင်ကို မေ့နေသလား ထင်ရပါတယ်။ သူတို့နှစ်ယောက်လုံးဟာ ဩစတြီးယားမှာ လူဖြစ်ကြီးပြင်းခဲ့ကြတာ။ အဲဒီမှာပဲ အလုပ်လုပ်ခဲ့ကြတာ။ အမေရိကန်ကို ရွှေ့လာတော့လည်း ရှေ့ဆင့်နောက်ဆင့်လို့ ပြောနိုင်တယ်။ **“ရှွန်းပီတာ”**က (၁၉၃၂)မှာ ပြောင်းခဲ့တာပါ။ အဖေက လေးနှစ်လောက် နောက်ကျမယ်။

အဲလိုနဲ့ အတိတ်ကို လွမ်းကောင်းနေကြတုန်း။ အဖေကကောက်ကာငင်ကာနဲ့ ခုလိုမေးလိုက်တယ်။

“ဟေ့လူ ဂျိုးဇက်၊ မောင်ရင့်ကို တသသဖြစ်နေစေချင်တဲ့ အကြောင်းမျိုးတွေ မောင်ရင်ခုထိ ပြောတုန်းပဲလား။”

အဖေ့မျက်နှာက ရယ်ကျဲကျဲနဲ့ပါ။ **"ရွှန်းပီတာ"** ကတော့ အားရပါးရ အော်ရယ်ချလိုက်ပါတယ်။ ကျွန်တော်တောင် ရောရောင်ပြီး လိုက်ရယ်လိုက်မိသေးတယ်။ ရွှန်းပီတာငယ်ငယ်က အသက်သုံးဆယ်ဝန်းကျင်ကပေါ့။ သူ့ရဲ့ ဘောဂဗေဒစာအုပ်ကြီး နှစ်အုပ် ထုတ်ဝေပြီးကာစ အောင်မြင်မှုလှေကားထစ်တွေ အပေါ်တက်ကာစ အဖြစ်လေးတွေပါ။ အဲဒီတုန်းက သူဟာ စိတ်ကူးတွေ အတော်ယဉ်ခဲ့တယ်ဆိုပဲ။ လူတွေက သူ့ကို တသသဖြစ်နေစေချင်တာ။ ဒါကိုလည်း မကြာမကြာ ထုတ်ပြောတယ်။ "ဥရောပ မိန်မလှများရဲ့ အချစ်တော်"၊ "ဥရောပရဲ့ အတော်ဆုံး မြင်းစီးဝိဇ္ဇာ"၊ "ကမ္ဘာ့အကြီးအကျယ်ဆုံး ဘောဂဗေဒပညာရှင်ကြီး"။

မျက်နှာပိုးသတ်ပြီးမှ **"ရွှန်းပီတာ"**က လေသံငြိမ်ငြိမ်နဲ့ ပြောပါတယ်။ သူ့မျက်နှာပေါ်မှာ ပျို့ရွယ်စဉ် မာနတွေ ဘာတစ်ခုမှ မတွေ့ရတော့ပါဘူး။

"ကိုယ့်ကို လူတွေက ဘယ်လို အမှတ်ရနေစေချင်လဲ-ဟုတ်စ။ ဒီမေးခွန်းဟာ ကိုယ့်အတွက်တော့ အရေးကြီးဆဲပဲ သူငယ်ချင်းရေ။ ဒါပေမယ့် အဖြေကတော့ ငယ်ငယ်ကလို မဟုတ်တော့ဘူးပေါ့ကွာ။ အခုကိုယ့်ကို လူတွေ အမှတ်ရစေချင်တဲ့ ပုံစံကို ပြောရဦးမယ်။ ခပ်ထက်ထက် ကျောင်းသားခြောက်ယောက်ကို ပထမတန်းစားဘောဂဗေဒ ပညာရှင်ဖြစ်အောင်သင်ကြားပို့ချခဲ့တဲ့ ကျောင်းဆရာအိုကြီးပါ ... ဘယ်နှယ့်လဲ"

အဖေက သူ့ရောင်းရင်းကြီးကို ခပ်ငေးငေးကြည့်နေတယ်။ **"ရွှန်းပီတာ"**ကတော့ စကားတွေဆက်ပြောနေပါတယ်။ သူ့မျက်နှာနဲ့ သူ့အသံဟာ ပိုတည်ငြိမ်နေသလိုပဲ။

"သိတဲ့ အတိုင်းပဲ အဒေါ့(ဖ)ရေ၊ တို့များ နေဝင်ချိန်ရောက်ပါပြီ။ စာအုပ်တွေ၊ သီအိုရီတွေကို မမေ့ရုံနဲ့ မလုံလောက်တော့ပါဘူး။ အရွယ်က ပေးတဲ့ အသိပေါ့ကွာ။ **လူတွေရဲ့ ဘဝမှာ ဘာတစ်ခုမှ ထူးထူးခြားခြား လုပ်မပေးနိုင်ရင် ဒီလူဟာ ဘာမှ ထူးခြားတဲ့သူ မဟုတ်ပါဘူး"**

အဖေ သူ့သူငယ်ချင်းကို တကူးတက လာတွေ့တာဟာ အရေးကြီးလို့ပါ။ **"ရွှန်းပီတာ** တစ်ယောက် မကျန်းမမာဖြစ်နေပြီ၊ သိပ်ကြာကြာ မခံတော့ဘူး" ဆိုတဲ့ သတင်းကို အဖေရပြီးသားပါ။ မိတ်ဆွေနှစ်ဦးရဲ့ နောက်ဆုံးတွေ့ဆုံခန်းက ကြေကွဲစရာလည်းကောင်းရဲ့၊ သင်ခန်းစာတွေလည်း အပြည့်နဲ့။ ကျွန်တော်တို့ ပြန်သွားပြီး ငါးရက်အကြာမှာ **"ရွှန်းပီတာ"** ကွယ်လွန်သွားခဲ့ပါတယ်။

ဒီဖြစ်ရပ်လေးကို ကျွန်တော် ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ပါဘူး။ ဒီအတွေ့အကြုံကနေပြီး သင်ခန်းစာ (၃)ရပ် ရလိုက်ပါတယ်။

-ပထမဆုံး ... ကျွန်တော်တို့ ကိုယ့်ကိုယ်ကို မေးရပါလိမ့်မယ်။ "ငါသေရင် ငါ့ကို လူတွေက ဘယ်လိုအမှတ်ရနေမလဲ။ ငါ့ဘဝမှာ ဘယ်လိုတွင်ကျန်ရစ်အောင် လုပ်မလဲ"။

-ဒုတိယအချက်ကတော့ ... ဒီမေးခွန်းရဲ့ အဖြေပါ။ အဖြေဟာ တစ်သက်မတ်တည်းတော့ ရှိမှာ မဟုတ်ပါဘူး။ အချိန်နဲ့အမျှ ပြောင်းလဲနေ မှာပါ။ ကိုယ်တိုင်ရင့်ကျက်လာလို့လည်း ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် ... ကမ္ဘာကြီးကိုယ်တိုင်က ပြောင်းသွားလို့လည်း ဖြစ်ချင်ဖြစ်မယ်။

-တတိယအချက်ကတော့ "လူတွေရဲ့ ဘဝကို ထူးထူးခြားခြား ဖြစ်အောင် ဖန်တီးပေးနိုင်ခဲ့သူသာ သမိုင်းတွင်ကျန်ရစ်လိမ့်မယ်" ဆိုတဲ့ ဘောဂဗေဒပညာရှင်ကြီး **"ရွှန်းပီတာ"**ရဲ့ စကားဖြစ်ပါတယ်။

## နိဂုံးချုပ် ကောက်ချက်များ

ကျွန်တော့်ရဲ့ ဇာတ်လမ်းရှည်ကြီးကို ပြောလို့ပြီးပါပြီ။ ကျွန်တော်ရခဲ့တဲ့ အတွေ့အကြုံတွေကို အခြေခံပြီး ဟောဒီ မေးခွန်းလေးကို ဖြေကြည့်ကြရအောင်။

" လူသားတစ်ယောက်အနေနဲ့ ထိရောက်စွမ်းဆောင်နိုင်သူဖြစ်လာဖို့ ဘာတွေလုပ်သင့်လဲ။ ဘယ်လိုလေ့ကျင့် ပျိုးထောင်ကြမလဲ။"

အဖြေဟာ ခဲရာခဲဆစ် မဟုတ်ပါဘူး။ ဟောဒီသုံးချက်ကိုပဲ လက်တွေ့ အကောင်အထည်ဖော်ကြည့်လိုက်ပါ။

၁။ ရည်မှန်းချက်ရှိရမယ်။ ဒီရည်မှန်းချက်ဟာ အမြဲတမ်း အနာဂတ်ကို ဦးတည်နေစေရပါမယ်။ " လားရာအမြင်" Vision ပေါ့။ ½;½;စက္ခုအမြင်ကို ပြောတာမဟုတ်ပါဘူး။"စိတ်အမြင်" ပါ။ အရာရာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့ အမြင်၊ သဘောပေါက်တဲ့ အမြင်ကို ဆိုလိုတာပါ။ အသက်ကြီးလာတာနဲ့ အမျှ ရင့်ကျက်ထက်မြက်လာဖို့ဆိုရင် အားထုတ်မှုကို ရပ်ပစ်လိုက်လို့ မဖြစ်ပါဘူး။ **"ဗားဒစ်"** ပြောသလို ဘဝဆိုတာ နောက်ဆုံးထွက်သက်ထိ ½န်းကန်လှုပ်ရှားနေရတဲ့ ဖြစ်စဉ်ကြီး ပါ။

၂။ **"ဘုရားသခင်က မြင်တယ်"** ဆိုတဲ့ အသိကို ရင်ထဲမှာ အမြဲစွဲထားပါ။ ပြီးပြီးရော လုပ်တာမျိုးကိုအကျင့်မပါစေနဲ့။ "ရွက်ကြမ်းရေကျိုသာမန်ဆိုရင် တော်ပါပြီ"လို့ ဘယ်တော့မှ အားမလျှော့လိုက်ပါနဲ့။ **"ပြီးပြည့်စုံမှု"** ကို ဦးတည်ချက် ထားပြီး အစွမ်းကုန် ကြိုးစားခြင်းသည်သာ မိမိကိုယ်ကို လေးစားရာ၊ သစ္စာရှိရာ ရောက်ပါတယ်။

၃။ နောက်ဆုံးပြောချင်တာက **"စဉ်ဆက်မပြတ် ပညာသင်ကြားရေး"**ကို ဘဝပေး တာဝန်လို့ သဘောပိုက်ကြဖို့ လိုပါတယ်။ မနေ့က အောင်မြင်မှုလောက်နဲ့ သာယာနေရင် တိုးတက်မှုဆိုတာ ရပ်ဆိုင်းသွားမှာ အသေအချာပဲ။ ဒီတော့ **"နက်ဖြန်" ပေါင်းများစွာအတွက် စဉ်ဆက်မပြတ် လေ့လာ သင်ယူနေကြရပါလိမ့်မယ်**။ ဒါမှသာ တိုးတက်မှုဟာ ကိုယ့်ရဲ့တစ်သက်တာ အဖော်မွန် ဖြစ်ပါလိမ့်မယ်။

## တာဝန်ယူရဲတဲ့စိတ်

အရေးကြီးတဲ့ အချက်တစ်ချက်ကို ဖြည့်စွက် ပြောလိုပါသေးတယ်။ တာဝန်ယူရဲတဲ့စိတ်ဓာတ်ပါ။ လူအတော်များများဟာ ဟိုလူ့ကြောင့် ဒီလူ့ကြောင့်၊ ဟိုအဖွဲ့အစည်းကြောင့် ဒီအဖွဲ့အစည်းကြောင့် စတဲ့စကားမျိုးတွေပြောပြီးဆင်ခြေပေးတတ်ကြတယ်။ ဟိုစနစ်၊ ဒီစနစ်ကြောင့်ဆိုပြီး တရားခံရှာတတ်ကြပါတယ်။ ကိုယ့်ကိုယ်ကိုကျတော့ ညှာညှာ တာတာ စဉ်းစားတတ်ကြရော။ "ငါ့ခမြာ၊ သနားစရာလေးပါ" ပေါ့။

တကယ်တော့ ဘဝဆိုတာ အကျပ်အတည်းဝန်းကျင်ပါ။ လူဆိုတာ တစ်ကောင်ကြွက် မဟုတ်လေတော့ ပတ်ဝန်းကျင်ဆိုတာဟာလည်း ရှောင်မရနိုင်ပါဘူး။ **"ဘယ်သူမပြု မိမိမှု"** ဆိုတဲ့ စကားရှိပါတယ်။ ကိုယ့်ဘဝတိုးတက်မှုအတွက် ကိုယ်တိုင် တာဝန်ယူရပါလိမ့်မယ်။ စစ်မှန်တဲ့ အောင်မြင်မှုမှာ ဖြတ်လမ်းမရှိပါဘူး။ ကိုယ့်ဘဝဇာတ်ညွှန်းကို ကိုယ်တိုင် ရေးရမှာဖြစ်ပါတယ်။ ကိုယ့်အား ကိုယ်ကိုးပြီး ကိုယ်တိုင် လုံးပမ်းအားထုတ်ကြရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ သော့ချက်က **"တာဝန်ယူ စိတ် "**( Be Proactive) ဖြစ်ပါတယ်။

## အတွင်းမှ အပြင်သို့

–ယယ်ရွယ်၊လွတ်လပ်
အကန့်သတ်မဲ့ စိတ်ကူးနဲ့
ငါ့ရဲ့ အိပ်မက်ထဲမှာ
"ကမ္ဘာကြီးကို ပြောင်းပစ်မယ်"

–အသက်လေးရလာ
ပညာဆိုတာ နည်းနည်းသိ
ပြန်ကြည့်လိုက်တော့မှ
"ကမ္ဘာကြီးဟာ ကမ္ဘာကြီးပါပဲ ..."

– အိပ်မက်ကို ဈေးဆစ်
ငါချစ်တဲ့ ငါ့တိုင်းပြည်
တစ်ခုခု ဖြစ်ရမယ်ပေါ့
သည်တစ်ခါလည်း
"တိုင်းပြည်ဟာ တိုင်းပြည်ပါပဲ ..."

– ဘဝရဲ့ ဆည်းဆာချိန်
အိပ်မက်တွေ အရှိန်ကုန်စ
မိသားစုအတွက်
ပေးဆပ်ဖို့ ကြိုးစားဆဲ
သူတို့လည်း သူတို့ဘာသာ
"မိသားစုဟာ ဒီအတိုင်းပါပဲ ..."

–သေရာညောင်စောင်း
လဲလျောင်းချိန်ရောက်တော့မှ
ငါသိရပြီ (ပထမဆုံး အကြိမ်ပါ)
"ငါဟာ ငါပဲ၊ ဘာမှ မပြောင်းလဲ ..."

၁၉/၉/၂၀၀၆ နေ့ NMM/ NW